MYANMAR WITNESS

A project by

CENTRE for INFORMATION RESILIENCE

# လေယာဉ်ပျံသန်းမှုများအား ခြေရာခံခြင်း- ချက်ကုမ္ပဏီတစ်ခုက မြန်မာလေတပ်ကို လေယာဉ် ထောက်ပံ့ပေးခဲ့သလား။

လေယာဉ်ပျံသန်းမှုခြေရာခံဒေတာ၊ ခေါ်ဆိုမှုနံပါတ်များနှင့် ဂြိုလ်တုဓါတ်ပုံများကို အခြေခံပြီး သုံးသပ်ခြင်း။

# လေယာဉ်ပျံသန်းမှုများအား ခြေရာခံခြင်း- ချက်ကုမ္ပဏီတစ်ခုက မြန်မာလေ တပ်ကို လေယာဉ်များ ထောက်ပံ့ပေးခဲ့သလား။

## လေယာဉ်ပျံသန်းမှုခြေရာခံဒေတာ၊ ခေါ်ဆိုမှုနံပါတ်များနှင့် ဂြိုလ်တုဓါတ်ပုံများကို အခြေခံပြီး သုံးသပ်ခြင်း

၀၈/၀၉/၂၀၂၅


**၁။ အစီရင်ခံစာ၏အဓိကအချက်အလက်များ** **1**
**၂။ လေယာဉ်ပျံသန်းမှုခြေရာခံဒေတာ** **3**
၂.၁။ OK-JMA 3
၂.၁.၁။ မြန်မာနိုင်ငံသို့ ခရီးစဉ်အားခြေရာခံခြင်း 3
၂.၁.၂။ OK-JMA မှ XY-AMV သို့ 4
၂.၁.၃။ ဝေါလေဒေသတစ်ဝိုက် XY-AMV ခြေရာခံခြင်း 5
၂.၁.၄။ လေယာဉ်နံပါတ် ၃၄၁၃ 6
၂.၁.၅။ လူမှုမီဒီယာကွန်ရက်မှ သတင်းအချက်အလက်များ 6
၂.၂။ OK-AMJ နှင့် OK-AMK 7
၂.၃။ နောက်ထပ်ဥပမာများ- OK-NGJ နှင့် OK-NGK 8
**၃။ ဂြိုဟ်တုပုံရိပ်** **11**
၃.၁။ မတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ် 11
၃.၂ မော်ဘီလေတပ်စခန်း 12
**၄။ မှတ်ပုံတင်များ** **14**
**၅. နောက်ဆက်တွဲ ၁** **16**
၅.၁ Let L410 UVP-E20 ဒေတာခွဲခြမ်းစိတ်ဖြာခြင်း 16


---

## ၁။ အစီရင်ခံစာ၏အဓိကအချက်အလက်များ

Myanmar Witness အဖွဲ့သည် Omnipol ၏ လက်အောက်ခံ ချက်ကုမ္ပဏီဖြစ်သည့် Let Aircraft Industries က မြန်မာ့လေတပ် (MAF) ကို Let L410 UVP-E20 လေယာဉ်သုံးစင်း ထောက်ပံ့ပေးခဲ့သည်ဟု ယူဆရသည့် အထောက်အထားများကို မှတ်တမ်းတင်ထားသည်။

လေယာဉ်ခြေရာခံဒေတာများအရ Let Aircraft Industries ပိုင်ဆိုင်သည့် Let L410-UVP E20 Turbolet (လေယာဉ်နံပါတ် ၃၄၁၃) သည် ချက်သမ္မတနိုင်ငံတွင် OK-JMA အဖြစ် မှတ်ပုံတင်ထားပြီး

၂၀၂၄ ခုနှစ် စက်တင်ဘာလနှောင်းပိုင်းတွင် Kunovice လေဆိပ်မှ ရန်ကုန်မြို့ဧရိယာသို့ ပျံသန်းခဲ့သည်။ နောက်တစ်နှစ်တွင် OK-AMJ (လေယာဉ်နံပါတ် ၃၄၁၈) နှင့် OK-AMK (လေယာဉ်နံပါတ် ၃၄၁၉) ဟူသည့် အခြားလေယာဉ်နှစ်စင်းသည်လည်း အလားတူ ခရီးစဉ်အတိုင်း ပြန်သန်းခဲ့သည်။ လေယာဉ်ခြေရာခံဒေတာများတွင် OK-AMJ (လေယာဉ်နံပါတ် ၃၄၁၈) သည် ၂၀၂၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ထွက်ခွာခဲ့ပြီး OK-AMK (လေယာဉ်နံပါတ် ၃၄၁၉) သည် Kunovice လေဆိပ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ထွက်ခွာခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့အထိ FlightRadar24 မှ လေယာဉ်ခြေရာခံဒေတာများက မြန်မာအာဏာပိုင်များသည် OK-JMA (၃၄၁၃) လေယာဉ်ကို XY-AMV အဖြစ် မှတ်ပုံတင်ထားပြီး ၎င်းသည် ယနေ့အထိ မြန်မာလေတပ် (MAF) လက်အောက်တွင် ရှိသည်ဟု ဖော်ပြသည်။ ဤလေယာဉ်ကို မြန်မာနိုင်ငံတစ်ဝန်းရှိ နေရာအမျိုးမျိုးသို့ ပျံသန်းနေခဲ့သည်ဟု ခြေရာခံနိုင်ခဲ့သည်။

သို့သော် ဤအစီရင်ခံစာကိုရေးသားချိန်တွင် Myanmar Witness အနေဖြင့် အခြားလေယာဉ်နှစ်စင်းဖြစ်သည့် OK-AMJ နှင့် OK-AMK တို့ မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက်ပိုင်း ဆက်လက်တည်ရှိနေခြင်းကို သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပါ။

Myanmar Witness သည် ၂၀၂၅ ခုနှစ်တွင် ပျံသန်းခဲ့သော OK-AMJ နှင့် OK-AMK လေယာဉ်များ ယခုအခါ မြန်မာလေတပ် (MAF) လက်အောက်တွင် ရှိနေနိုင်သည်ဟု ယုံကြည်ရန် အကြောင်းရင်းများ ရှိသည်။

အကယ်၍ ချက်သမ္မတနိုင်ငံမှ ကုမ္ပဏီတစ်ခုသည် ၎င်း၏လေယာဉ်များကို မြန်မာလေတပ် (MAF) သို့ ရောင်းချခဲ့ပါက ၎င်းသည် မြန်မာနိုင်ငံအပေါ် EU က ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်ခြင်း ဖြစ်သည်။ Let Aircraft Industries သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင်လည်း ယခင် L-410 UVP-E20 (လေယာဉ်နံပါတ် ၃၄၁၁ နှင့် ၃၄၁၂) နှစ်စင်းကို ကာဇက်စတန်သို့ ပို့ဆောင်ပေးခဲ့သည်ကိုလည်း သတိပြုနိုင်သည်။

ဤစုံစမ်းစစ်ဆေးမှုသည် Let L410-UVP E20 Turbolet လေယာဉ်တစ်စင်းတည်း (လေယာဉ်နံပါတ် ၃၄၁၃) နှင့်ပတ်သက်သည့် ပျံသန်းမှုခြေရာခံဒေတာနှင့် ဂြိုဟ်တုပုံရိပ်များကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။ မှတ်တမ်းများအရ ဤလေယာဉ်သည် ပထမဆုံး OK-JMA အဖြစ် မှတ်ပုံတင်ခဲ့ပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ XY-AMV အဖြစ် ပြန်လည်မှတ်ပုံတင်ခဲ့ကြောင်း ပြသပြီး မှတ်ပုံတင်နှစ်ခုစလုံးသည် လေယာဉ်တစ်စင်းတည်းနှင့် သက်ဆိုင်သည်ကို ခိုင်လုံစွာညွှန်ပြနေသည်။ လေယာဉ်နံပါတ် မပြောင်းလဲခြင်းကလည်း ဤအချက်အလက်များသည် လေယာဉ်တစ်စင်းတည်းနှင့် သက်ဆိုင်သည်ဆိုသည့် ယူဆချက်ကို အထောက်အကူပြုနေသည်။

ပိုမိုအတည်ပြုရန် လိုအပ်နေသော်လည်း လေယာဉ်ပျံသန်းမှုခြေရာခံဒေတာနှင့် ခေါ်ဆိုမှုနံပါတ်များ၏ တိုက်ဆိုင်မှုက မြန်မာလေတပ် (MAF) သည် Let L410 UVP-E20 လေယာဉ်သုံးစင်း ပိုင်ဆိုင်နိုင်သည်ဆိုသည့် အဆိုကိုထောက်ခံနေသည်။

# ၂။ လေယာဉ်ပျံသန်းမှုခြေရာခံဒေတာ

## ၂.၁။ OK-JMA

### ၂.၁.၁။ မြန်မာနိုင်ငံသို့ ခရီးစဉ်အားခြေရာခံခြင်း

Flightradar24 **အရ** Let Aircraft Industries **ကုမ္ပဏီပိုင်ဆိုင်ပြီး ချက်သမ္မတနိုင်ငံ လေကြောင်းအာဏာပိုင်အဖွဲ့က** OK-JMA **အဖြစ် မှတ်ပုံတင်ထားသော** Let L410-UVP E20 Turbolet **လေယာဉ် (နံပါတ် ၃၄၁၃) သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင်** Kunovice **လေဆိပ်မှ ထွက်ခွာခဲ့သည် (ပုံ ၁)။ ခြောက်ရက်ကြာခရီးနှင်ပြီးနောက် ရန်ကုန်မြို့အနီးသို့ ဆင်းသက်နေစဉ် ၎င်း၏** transponder **မှ အချက်ပြမှုများ ပေးပို့ခြင်းအား ရပ်တန့်ခဲ့သည်။**





ပုံ ၁ - *Let L410-UVP E20 (*လေယာဉ်နံပါတ် ၃၄၁၃*)* လေယာဉ်ဖြစ်သော *OK-JMA* ၏ ပျံသန်းလမ်းကြောင်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့က *Kunovice* လေဆိပ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်သို့ ခြေရာခံထားသည်။ အရောင်မျဉ်းများသည် *Flightradar24* မှ မှတ်တမ်းတင်ထားသော အချိန်နှင့်အမျှပျံသန်းလမ်းကြောင်းကို ပြသသည်။




## ၂.၁.၂။ OK-JMA မှ XY-AMV သို့

တစ်လအကြာ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် FlightRadar24 တွင် မြန်မာလေတပ် (MAF) ပိုင်ဆိုင်သည်ဟု ဖော်ပြထားပြီး မြန်မာနိုင်ငံလေကြောင်းအာဏာပိုင်အဖွဲ့တွင် XY-AMV အဖြစ် မှတ်ပုံတင်ထားသော Let L410-UVP E20 Turbolet လေယာဉ် (နံပါတ် ၃၄၁၃) ကို မြန်မာနိုင်ငံတောင်ပိုင်းမှပျံသန်းလာကာ ရန်ကုန်မြို့အနီးသို့ ချဉ်းကပ်နေသည်ကို ခြေရာခံနိုင်ခဲ့သည်။
ထိုအချိန်မှစ၍ လေယာဉ်သည် မြန်မာနိုင်ငံတွင် ပုသိမ် (ပုံ ၂) သို့မဟုတ် မှော်ဘီလေတပ်စခန်းများ (ပုံ ၁၁) မှ ပျံသန်းနေသည်ဟု ခြေရာခံဒေတာများက ဖော်ပြသည်။ ထို့အပြင် အတည်ပြုထားသည့်အတိုင်း ဤလေယာဉ်သည် အခြားမြန်မာလေတပ် (MAF) လေယာဉ်များကဲ့သို့ တိုက်ပွဲဖြစ်ပွားရာနေရာများသို့ ပျံသန်းနေသည်ကိုလည်း တွေ့ရှိရသည်။



ပုံ ၂- ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ *Let L410-UVP E20 (*လေယာဉ်နံပါတ် ၃၄၁၃*)* ဖြစ်သော *XY-AMV* လေယာဉ်၏ ပျံသန်းလမ်းကြောင်း။ အရောင်မျဉ်းများသည် *Flightradar24* မှ မှတ်တမ်းတင်ထားသော အချိန်နှင့်အမျှပျံသန်းလမ်းကြောင်းကို ပြသသည်။





## ၂.၁.၃။ ဝေါလေဒေသတစ်ဝိုက် XY-AMV ခြေရာခံခြင်း

၂၀၂၅ ခုနှစ် ဇူလိုင်လနှောင်းပိုင်းတွင် လေယာဉ်ပျံသန်းမှု ခြေရာခံဒေတာများအရ မြန်မာလေတပ် (MAF) မှ Let L410-UVP E20 Turbolet လေယာဉ် (နံပါတ် ၃၄၁၃၊ XY-AMV) သည် ထိုင်း-မြန်မာနယ်စပ်အနီး တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟုဆိုသော ဝေါလေဒေသသို့ ချဉ်းကပ်ပျံသန်းပြီး ထွက်ခွာသွားသည်ကို မှတ်တမ်းတင်ထားသည် (ပုံ ၃)။ ၎င်း၏ ပျံသန်းရာလမ်းကြောင်းနှင့် အမြင့်သည် ၂၀၂၅ ခုနှစ် သြဂုတ်လဆန်းပိုင်းတွင် ထိုဒေသ၌ပျံသန်းခဲ့သော မြန်မာလေတပ် (MAF) ၏ Harbin Y-12 လေယာဉ်များ၏ ခြေရာခံဒေတာများနှင့် ဆင်တူသည်။

များစွာသော သတင်းရင်းမြစ်များအရ ၂၀၂၅ ခုနှစ် ဇွန်လနှောင်းပိုင်းမှစတင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ၎င်း၏ မဟာမိတ်များအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သောနေရာဖြစ်သည်။

ဤအချက်က Let L410-UVP E20 Turbolet လေယာဉ်သည် မြန်မာလေတပ် (MAF) အတွင်း Harbin Y-12 နှင့် ဆင်တူသော အခန်းကဏ္ဍမှ ပါဝင်ခဲ့နိုင်သည်ဟု ယူဆစေသည်။




ပုံ ၃- *Let 410-UVP E20 XY-XMV* လေယာဉ်၏ ခြေရာခံပျံသန်းလမ်းကြောင်းသည် အခြားလေယာဉ်တစ်စင်းဖြစ်သည့် မြန်မာလေတပ် *(MAF)* ၏ *Harbin Y-12 (ယခင် Y12)* ၏ ပျံသန်းလမ်းကြောင်းများနှင့် အလွန်ဆင်တူပြီး ပျံသန်းအမြင့်သည် ပေ ၁၀,၀၀၀ ခန့်ဖြစ်သည်။ ပန်းရောင်မျဉ်းသည် *XY-AMV* လေယာဉ်၏ လမ်းကြောင်းဖြစ်ပြီး၊ လိမ္မော်ရောင်မျဉ်းသည် *Y-12* လေယာဉ်၏ လမ်းကြောင်းဖြစ်သည်။

## ၂.၁.၄။ လေယာဉ်နံပါတ် ၃၄၁၃

လေယာဉ်နံပါတ်များသည် ထုတ်လုပ်သူမှ ဖန်တီးထားသော ထူးခြားသည့် သတ်မှတ်နံပါတ်များဖြစ်ပြီး မည်သည့်အခါမျှ ပြောင်းလဲခြင်းမရှိပါ။ OK-JMA နှင့် XY-AMV တို့သည် လေယာဉ်နံပါတ်တစ်ခုကို အသုံးပြုသည့် Let L410-UVP E20 လေယာဉ်များဖြစ်သည်ဟူသည့် အချက်သည် ၎င်းတို့သည် လေယာဉ်တစ်စင်းတည်းဖြစ်ကြောင်း ခိုင်မာသောညွှန်ပြချက်ဖြစ်သည်။

## ၂.၁.၅။ လူမှုမီဒီယာကွန်ရက်မှ သတင်းအချက်အလက်များ

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံရှိ စစ်ရေးကိစ္စများကို မကြာခဏ မှတ်ချက်ပေးလေ့ရှိသည့် လူမှုကွန်ရက်အကောင့်တစ်ခု (ရင်းမြစ်အားသိမ်းဆည်းထားသည်) မှ "Czech L410 ကို Y12 အစား Y12 ကဲ့သို့သော အလုပ်များလုပ်ဆောင်ရန် အသုံးပြုနိုင်သည်" ဟု မှတ်ချက်ပြုခဲ့သည်။ နောက်ထပ်အကြောင်းအရာကိုမူ ဖော်ပြထားခြင်းမရှိပါ။ ဤပို့စ်ကို တင်ပြီး ရက်အနည်းငယ်အကြာတွင် မြန်မာနိုင်ငံမှတ်ပုံတင် XY-AMV နှင့်အတူ Let L410 လေယာဉ်နံပါတ် ၃၄၁၃ ၏ ပထမဆုံးခြေရာခံနိုင်သည့် ပျံသန်းမှုကိုတွေ့ရသည်။

## ၂.၂။ OK-AMJ နှင့် OK-AMK

OK-AMJ နှင့် OK-AMK လေယာဉ်များသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် OK-JMA ပျံသန်းခဲ့သည့် လမ်းကြောင်းနှင့်အလားတူ လမ်းကြောင်းအတိုင်း ပျံသန်းသွားခဲ့ပုံရသည်။ Myanmar Witness သည် FlightRadar24 အပါအဝင် လေယာဉ်ခြေရာခံဒေတာအများအပြားကို အသုံးပြု၍ ၂၀၂၅ ခုနှစ်တွင် နောက်ထပ်လေယာဉ်နှစ်စင်း၏ ပျံသန်းလမ်းကြောင်းကို ခြေရာခံနိုင်ခဲ့သည် (ပုံ ၄နှင့် ၅)။

သို့သော်လည်း ဤလေယာဉ်များကို ခြေရာခံခြင်းသည် OK-JMA ကဲ့သို့ပင် မြန်မာနိုင်ငံပေါ်သို့ ရောက်ရှိချိန်တွင် ပျောက်ဆုံးသွားခဲ့သည်။ ထိုအချိန်မှစ၍ ထိုလေယာဉ်များအတွက် မည်သည့်ခြေရာခံမှုအသစ်ကိုမျှ မှတ်တမ်းတင်ထားခြင်းမရှိတော့ပေ။ ဤဖြစ်ရပ်၏ အတိအကျအ ကြောင်းရင်းကို မသိရသေးသော်လည်း OK-JMA ကဲ့သို့ပင် ဤလေယာဉ်များကို မြန်မာနိုင်ငံသို့ ပို့ဆောင်ရန် ရည်ရွယ်ခဲ့ပါက ဤပုံမှန်မဟုတ်သည့်ပုံစံကို ပိုမိုကျိုးကြောင်းဆီလျော်စွာ ရှင်းပြနိုင်လိမ့်မည် ဖြစ်သည်။

ယေဘုယျအားဖြင့် ဤလေယာဉ်များသည် ၎င်းတို့၏မူရင်းမှတ်ပုံတင်ဖြင့် တစ်ကြိမ်တည်း ပို့ဆောင်ရေး ပျံသန်းမှုကို လုပ်ဆောင်ပြီးနောက် ဒေသတွင်း၌ ပြန်လည်မှတ်ပုံတင်လေ့ရှိသည်။ မကြာသေးမီက ထွက်ရှိခဲ့သော အခြား Let L410 UVP-E20 လေယာဉ်များ (နံပါတ် ၃၄၀၉ မှ ၃၄၁၇) အားလုံးသည် ၎င်းတို့၏ မူရင်းချက်နိုင်ငံမှတ်ပုံတင် သို့မဟုတ် အမြီးနံပါတ်ဖြင့် သက်ဆိုင်ရာ ဦးတည်ရာနိုင်ငံများသို့ ခြေရာခံနိုင်ခဲ့သည်။ ထို့နောက်တွင်မူ လူအများကြည့်ရှုနိုင်သော ပျံသန်းမှု ခြေရာခံမှတ်တမ်းများ၌ ခြေရာခံရန် အလွန်ခက်ခဲသွားလေ့ရှိသည်။



ပုံ ၄- *Let L410-UVP E20 (*လေယာဉ်နံပါတ် ၃၄၁၈*)* လေယာဉ်ဖြစ်သော *OK-AMJ* ၏ ပျံသန်းလမ်းကြောင်းကို ၂၀၂၅ ခုနှစ် ဇွန်လ ၉ ရက်နေ့က *Kunovice* လေဆိပ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်ဒေသသို့ ခြေရာခံထားသည်။ အရောင်မျဉ်းများသည် *Flightradar24* မှ မှတ်တမ်းတင်ထားသော အချိန်နှင့်အမျှပျံသန်းလမ်းကြောင်းကို ပြသသည်။





ပုံ ၅- *Let L410-UVP E20 (*လေယာဉ်နံပါတ် ၃၄၁၉*)* လေယာဉ်ဖြစ်သော *OK-AMK* ၏ ပျံသန်းလမ်းကြောင်းကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့က *Kunovice* လေဆိပ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ခြေရာခံထားသည်။ အရောင်မျဉ်းများသည် *Flightradar24* မှ မှတ်တမ်းတင်ထားသော အချိန်နှင့်အမျှပျံသန်းလမ်းကြောင်းကို ပြသသည်။


## ၂.၃။ နောက်ထပ်ဥပမာများ- OK-NGJ နှင့် OK-NGK

နောက်ထပ် ဥပမာများအရ Let Aircraft Industries ၏ Let L410 NG လေယာဉ်များသည် မြန်မာနိုင်ငံကို ဖြတ်ကျော်နေသည်ကို တွေ့ရသည်။ တစ်နေရာတွင် ၎င်းတို့သည် ခြေရာခံဒေတာ ပေးပို့ခြင်းကို ရပ်တန့်ခဲ့ပြီး နောက်ပိုင်းတွင် အိမ်နီးချင်းနိုင်ငံသို့ ဝင်ရောက်သည့်အခါမှ ပြန်လည်ပေါ်လာသည်။

၎င်းတို့သည် ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့သော OK-NGJ နှင့် OK-NGK လေယာဉ်များဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ Let Aircraft Industries ၏ တင်ပို့မှုများတွင် မကြာခဏ ပါဝင်လေ့ရှိသည့် OK-JRP သည် ဤနှစ်အတွင်း မြန်မာနိုင်ငံကို ၂၀၂၅ ခုနှစ် မေလ ၁၇ ရက်နှင့် ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်တို့တွင် နှစ်ကြိမ်ဖြတ်ကျော်သွားခဲ့သည်။




ပုံ ၆- မြန်မာနိုင်ငံကို ဖြတ်ကျော်ကာ အခြားနိုင်ငံများသို့ သွားသော *Let Aircraft Industries* ၏ အခြားလေယာဉ်များ ခြေရာခံမှုဥပမာများ။





ပုံ ၇- လေယာဉ်သုံးစင်းဖြစ်သော *Let L410-UVP E20* တို့၏ မြန်မာနိုင်ငံပေါ်မှ ပျံသန်းရာလမ်းကြောင်း။ အရောင်မျဉ်းများသည် လေယာဉ်အမျိုးမျိုး၏ ပျံသန်းရာလမ်းကြောင်းကို ပြသသည်။

# ၃။ ဂြိုဟ်တုပုံရိပ်

## ၃.၁။ မတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ်

Kunovice လေဆိပ်မှ မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးစဉ်အတွင်း လေယာဉ်ခြေရာခံဒေတာများက OK-JMA (၃၄၁၃) လေယာဉ်သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် မတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တစ်ရက်ကြာ ရပ်နားခဲ့ကြောင်း ညွှန်ပြသည်။ Planet Skysat ၏ ရိုက်ကူးထားသည့် ပုံရိပ်များတွင် Let L410-UVP E20 Turbolet (နံပါတ် ၃၄၁၃) လေယာဉ်သည် လေယာဉ်ပျံသန်းမှု ခြေရာခံဒေတာများက ဖော်ပြသည့် နေရာအတိအကျတွင် ရှိနေသည်ကို မြင်တွေ့နိုင်သည်။ အောက်ပါပုံတွင် အစက်အပြောက်များသည် လေယာဉ်ခြေရာခံဒေတာများကို ရည်ညွှန်းသည်။




ပုံ ၈- ဂြိုဟ်တုပုံရိပ်တွင် *Let L410-UVP E20 Turbolet OK-JMA* (လေယာဉ်နံပါတ် ၃၄၁၃) လေယာဉ်သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် မတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တစ်ရက်ကြာ ရပ်နားခဲ့သည်ကို ပြသသည်။ ဤလေယာဉ်သည် ပျံသန်းမှု ခြေရာခံဒေတာများက ညွှန်ပြသည့် နေရာအတိအကျတွင် ရှိနေသည်ကို မြင်တွေ့ရသည်။ *(ရင်းမြစ်- Planet Labs)*




ပုံ ၉-၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့က မတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ *L410-UVP E20 Turbolet (လေယာဉ်နံပါတ် ၃၄၁၃)* လေယာဉ်၏ ကတ္တရာလမ်းပေါ်မှ အနီးကပ်မြင်ကွင်း။ *(ရင်းမြစ်- Planet Labs)*

## ၃.၂ မှော်ဘီလေတပ်စခန်း

Airbus PleiadesNeo မှ ဂြိုဟ်တုပုံရိပ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က ရိုက်ကူးထားပြီး Google Earth Pro မှတစ်ဆင့် ကြည့်ရှုနိုင်သော ဤပုံရိပ်က မှော်ဘီလေတပ်စခန်း [ကိုသြဒိနိတ်- 17.120725, 96.078596] တွင် Let L410 လေယာဉ်တစ်စင်းရှိနေခြင်းကို အတည်ပြုသည်။ ဤလေ့လာတွေ့ရှိချက်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တို့တွင် မှော်ဘီလေတပ်စခန်းသို့ Let L410-UVP E20 Turbolet လေယာဉ် (နံပါတ် ၃၄၁၃၊ XY-AMV အဖြစ် မှတ်ပုံတင်ထားသည်) ချဉ်းကပ်ခြင်းနှင့် ထွက်ခွာခြင်းတို့ကို ပြသသည့် လေယာဉ်ပျံသန်းမှု ခြေရာခံဒေတာများနှင့် ကိုက်ညီသည်။



ပုံ ၁၀- *Let 410-UVP E20 XY-XMV* လေယာဉ် *(နံပါတ် ၃၄၁၃)* ၏ ပုံရိပ်များကို *[ဘယ်ဘက် အပေါ်နှင့် အောက်]* မော်ဘီလေတပ်စခန်း *[ညာဘက် အပေါ်]* လေယာဉ်ပုံကြမ်း၊ *[ညာဘက် အောက်]* ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့က မတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေယာဉ်၏ အနီးကပ်ပုံတို့ကို ပြသသည်။ ဘေးချင်းယှဉ်တွဲ နှိုင်းယှဉ်မှုသည် အဖြူရောင် အမှတ်အသားများအပါ အဝင် ထူးခြားသည့်အသွင်အပြင်များကို ဖော်ပြသဖြင့် လေယာဉ်များအကြား ရုပ်ပိုင်းဆိုင်ရာဆင်တူမှု များကို ထောက်ပံ့နေသည်။
ရင်းမြစ်များ-[https://web.archive.org/web/20190423024417if_/http://www.let.cz/files/file/KeStazeni/2016/EN_Brochure_L410_UVP-E20.pdf](https://web.archive.org/web/20190423024417if_/http://www.let.cz/files/file/KeStazeni/2016/EN_Brochure_L410_UVP-E20.pdf)




ပုံ ၁၁-၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့အတွင်း မှော်ဘီလေတပ်စခန်းမှ *Let 410-UVP E20 XY-XMV* လေယာဉ် *(လေယာဉ်နံပါတ် ၃၄၁၃)* ၏ ထွက်ခွာမှုနှင့် ဆင်းသက်မှုများကို ပြသသော ပျံသန်းမှုခြေရာခံဒေတာ။ အရောင်မျဉ်းများသည် အမြင့်ကို ညွှန်ပြပြီး၊ အဖြူရောင်သည် အနိမ့်ဆုံးအမြင့်ကို ကိုယ်စားပြုကာ အနီရောင်သည် အမြင့်ဆုံးအမြင့်ကို ကိုယ်စားပြုသည်။

ဤစာရေးသားချိန်အထိ OK-JMA ဂြိုလ်တုဓါတ်ပုံကဲ့သို့ OK-AMJ သို့မဟုတ် OK-AMK တို့အတွက် ကြည်လင်ပြတ်သားသည့် ပုံရိပ်များကို Myanmar Witness မှ မတွေ့ရှိသေးပါ။

---

## ၄။ မှတ်ပုံတင်များ

XY-AMV သည် မြန်မာလေတပ် (MAF) လေယာဉ်များအတွက် သာမန်မဟုတ်သော မှတ်ပုံတင်တစ်ခု ဖြစ်သော်လည်း လေယာဉ်၏ ခြေရာခံဒေတာနှင့် ဂြိုဟ်တုပုံရိပ်များက ၎င်းကို မြန်မာလေတပ် (MAF) မှ အသုံးပြုနေသည်ဟု ခိုင်မာစွာညွှန်ပြနေသည်။

မြန်မာလေတပ် (MAF)၏ လေယာဉ်များကို ယေဘုယျအားဖြင့် ဂဏန်းအမှတ်အသားများဖြင့် ခွဲခြားသတ်မှတ်လေ့ရှိသည်။ သို့သော် အချို့ကိစ္စများတွင် လေယာဉ်များသည် XY-AMV ကဲ့သို့ အရပ်ဘက်သုံးလေယာဉ် မှတ်ပုံတင်များအောက်တွင် ပေါ်လာတတ်သည်။ ဤသို့ပြုလုပ်သော ဖြစ်နိုင်ခြေရှိသည့် ကျိုးကြောင်းဆီလျော်မှုတစ်ခုမှာ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအခန်းကဏ္ဍကို အရပ်ဘက်လေယာဉ်များအဖြစ် တင်ပြခြင်းဖြင့် ဖုံးကွယ်ရန်ဖြစ်နိုင်သည်။ လေယာဉ်တစ်စင်းသည် နည်းပညာအရ မြန်မာပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် မှတ်ပုံတင်ထားပြီး လက်တွေ့တွင် မြန်မာလေတပ် (MAF) လက်အောက်၌ လည်ပတ်နေခြင်းလည်းဖြစ်နိုင်သည်။ များစွာသော သတင်းရင်းမြစ်များအရ ဤသို့ပြုလုပ်သောယခင်က ဖြစ်ရပ်များလည်းရှိခဲ့သည်။

၂၀၁၃ ခုနှစ်ကတည်းက မြန်မာလေတပ် (MAF) သို့ လွှဲပြောင်းပေးခဲ့သော မြန်မာနိုင်ငံမှတ်ပုံတင် အရပ်ဘက်လေယာဉ်များစာရင်းတွင် ဖော်ပြပါလေယာဉ်နံပါတ်ကို တွေ့မြင်နိုင်သည်။

| *last_civil_reg* | *MAF_reg* | *type* | *serial* | *commissioned* |
|---|---|---|---|---|
| *XY-AIG* | *#0001* | *ATR 72-212A* | *#0781* | *2013-01-01* |
| *XY-AIF* | *#0002* | *ATR 72-212A* | *#0765* | *2014-04-01* |
| *XY-AJT* | *#0003* | *ATR 72-500* | *#0658* | *2014-12-01* |
| *XY-AIB* | *#0006* | *ATR 42-320* | *#0178* | *2016-10-01* |
| *XY-AJB* | *#4609* | *Beech 1900D* | *UE-214* | *2016-12-15* |
| *XY-AJA* | *#4610* | *Beech 1900D* | *UE-325* | *2016-12-15* |
| *XY-AIC* | *#0007* | *ATR 42-320MP* | *#0159* | *2017-01-01* |
| *XY-AJD* | *#0005* | *ATR 72-212A* | *#0545* | *2017-09-01* |
| *XY-AJJ* | *#0011* | *ATR 72-600* | *#1085* | *2021-12-01* |

ထို့အပြင် မှတ်တမ်းများအရ အနည်းဆုံး Beechcraft 1900D လေယာဉ်နှစ်စင်းကို မြန်မာအမျိုးသားလေကြောင်း ကဲ့သို့သော အရပ်ဘက်လေကြောင်းအော်ပရေတာများအောက်တွင် ကနဦးဝယ်ယူခဲ့ပြီး နောက်ပိုင်းတွင် မြန်မာလေတပ် (MAF) သို့ လွှဲပြောင်းပေးခဲ့သည်။ ဤကိစ္စများတွင် တောင်အာဖရိက အမျိုးသားလေကြောင်းကော်ပိုရေးရှင်း ပိုင်ဆိုင်သည့် လေယာဉ်နှစ်စင်းစလုံးကို မြန်မာအမျိုးသားလေကြောင်းသို့ ရောင်းချခဲ့ပြီး နောက်ပိုင်းတွင် မြန်မာလေတပ် (MAF) သို့ လက်ဆင့်ကမ်းခဲ့သည်။ ၎င်းတို့၏ တောင်အာဖရိကမှတ်ပုံတင်များသည် မြန်မာနိုင်ငံအရပ်ဘက်လေကြောင်းမှတ်ပုံတင်များအဖြစ် ပြောင်းလဲခဲ့ပြီးနောက် မြန်မာလေတပ်မှတ်ပုံတင်များအဖြစ် ပြောင်းလဲသွားခဲ့သည်။

| | | |
|---|---|---|
| *South Africa* | *Myanmar* | *Myanmar* |
| National Airways Corporation | Myanmar National Airways | Myanmar Air Force |
| ZS-OYM | XY-AJB | 4609 |
| ZS-OYF | XY-AJA | 4610 |

**OK-JMA** ၏ မြန်မာနိုင်ငံမှတ်ပုံတင်သည် XY-AMV ဖြစ်ကြောင်း ပြောဆိုမှုသည် FlightRadar24 အရဖြစ်ပြီး ၎င်းလေယာဉ်သည် မြန်မာလေတပ် (MAF) ပိုင်ဆိုင်သည်ဟုလည်း ပြောဆိုသည်။ Myanmar Witness အနေဖြင့် ၎င်းတို့သည် ဤအချက်အလက်ကို မည်သို့ရရှိခဲ့သည်ကို မသေချာသော်လည်း အထက်တွင်ဖော်ပြထားသည့်အတိုင်း လေယာဉ်ခြေရာခံဒေတာနှင့် ဂြိုဟ်တုပုံရိပ်များကလည်း ဤအချက်နှင့် တူညီမှုရှိသည်။

ထို့အပြင် လေယာဉ်ခြေရာခံဒေတာများအရ ဤလေယာဉ်သည် မှော်ဘီလေတပ်စခန်းသို့ ချဉ်းကပ်ခြင်း ဆင်းသက်ခြင်းနှင့် ထွက်ခွာခြင်းတို့ကို ပြသပြီး ထိုနေရာတွင် Let L410 UVP-E* (tanktips များပါဝင်သည်) ( Myanmar Witness မှ ပထမဆုံး ဖော်ထုတ်နိုင်ခဲ့သော လေယာဉ်ဖြစ်နိုင်သော်လည်း Let LF410 UVP-E20 မော်ဒယ်အဖြစ် တိကျစွာအတည်ပြုရ၍မရပါ) ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က ရိုက်ကူးထားသော Airbus ဂြိုဟ်တုပုံရိပ်တွင် တွေ့မြင်ရပြီး ခြေရာခံသည့်ရက်စွဲနှင့် တူညီသည်။

---

# ၅. နောက်ဆက်တွဲ ၁

## ၅.၁ Let L410 UVP-E20 ဒေတာခွဲခြမ်းစိတ်ဖြာခြင်း

အောက်ပါစာရင်းသည် Myanmar Witness မှ နောက်ဆုံးထွက် Let L410 UVP-E20 များကို လေယာဉ်နံပါတ်အလိုက် စုစည်းထားခြင်းဖြစ်သည်။

အများစုအတွက် Myanmar Witness သည် မူရင်း ချက်နိုင်ငံ၏ အမြီးနံပါတ်/မှတ်ပုံတင်နံပါတ်ကို တွေ့ရှိခဲ့ပြီး ဖြစ်နိုင်သည့်အချိန်တွင် နိုင်ငံသစ်၏ အမြီးနံပါတ်/မှတ်ပုံတင်နံပါတ်ကိုလည်း တွေ့ရှိခဲ့သည်။

| *serial number* | *country* | *date_travel_cz_* | *czech_tail_number* | *new_tail_number* |
|---|---|---|---|---|
| 3409 | Uzbekistan | aug_2023 | ok-jnm | uk41001 |
| 3410 | Uzbekistan | jul_2023 | ok-jnl | uk41002 |
| 3411 | Kazakhstan | dec_2023 | ok-jnp | kazakh af 41 |
| 3412 | Kazakhstan | dec_2023 | ok-jno | kazakh af 42 |
| 3413 | Myanmar | sep_2024 | ok-jma | xy-amv? |
| 3414 | Uzbekistan | nov_2024 | ok-amd | uk41003 |
| 3415 | Uzbekistan | | | uk41004 |
| 3416 | Poland | dec_2024 | ok-amh | sp-sga? |
| 3417 | Poland | dec_2024 | ok-ami | |
| 3418 | Myanmar? | jun_2025 | ok-amj | |
| 3419 | Myanmar? | jun_2025 | ok-amk | |